

# တောင်ပွားဘုန်းကြီးကျောင်းထဲက
# သာသနိက အဆောက်အအုံများ

ပြီးခဲ့တဲ့နှစ်တွေတုန်းက ညွှန့်သည်မိတ်ဆွေတစ်ယောက်နဲ့အတူ ထားဝယ်မြို့အရှေ့ဘက်မှာရှိတဲ့ စပါးပါတောင်ဆီကို သွားခဲ့ပါတယ်။ တောင်ပေါ်စတက်တက်ချင်း တောင်တက်ကားလမ်းနံဘေးမှာပဲ ဘုန်းကြီးကျောင်းတစ်ကျောင်း တွေ့လိုက်ရပါတယ်။

"တောင်ပွားဘုန်းကြီးကျောင်း" တဲ့။

ဒီကျောင်းနာမည်ကြားဖူးပေမယ့် အခုမှလူကိုယ်တိုင် အမှတ်တမဲ့ရောက် ဖြစ်တာပါ။

တောင်ပွားကျောင်းမှာ စေတီတစ်ဆူ၊ ဘုရားသိမ်သုံးခုနဲ့ ကိုလိုနီခေတ် လက်ရာ နှစ်ထပ်အုတ်ကျောင်းတိုက်တွေကို ထူးထူးခြားခြား တွေ့လိုက်ရပါတယ်။ အဓိက ဘုရားသိမ်ကို စေတီနဲ့ဆက်လျက်တွေ့ရပြီး အဲဒီသိမ်နဲ့ နှစ်ထပ် အုတ်ကျောင်းတိုက်ကို စောင်းတန်းနဲ့ သွယ်ထားပါတယ်။ သိမ်ထဲမှာ အဓိက ထိုင်တော်မူ ဆင်းတုတော်ကြီးတစ်ဆူနဲ့ လက်ဝဲလက်ယာတွေမှာ မတ်ရပ်ဆင်းတော် တစ်ဆူစီ ခြံရံထားတာ တွေ့ရတယ်။ ဒါက ဒီဒေသရဲ့ ဘုရားသိမ်တွေမှာ တွေ့ ရလေ့ရှိတဲ့ အနေအထားပါ။ အလယ်က ဆင်းတုတော်ကြီးက ပြင်ထားလို့ အခု ခေတ်လက်ရာ ဖြစ်နေပြီ။









မတ်ရပ်ဆင်းတုတော်နှစ်ဆူကတော့ ပြုပြင်ထားပေမယ့် အရင်မူလဟန်လေးတွေ ကျန်နေသေးတာကို ကံကောင်းစွာနဲ့ တွေ့လိုက်ရတယ်။









ဒီဆင်းတုတော် သုံးဆူစလုံးရဲ့နောက်မှာရှိတဲ့ မှန်စီရွှေချတံကဲတွေက သိပ်လှပါတယ်။ လက်ရာသိပ်ပြီး အနုမစိတ်ပေမယ့်လည်း သွယ်လျှပျော့ပျောင်းတဲ့ ဟန်တွေ ပေါ်လွင်တယ်။ ဒီတံကဲမှာ ထူးထူးခြားခြား တွေ့ရတာက မှန်စီရွှေချ ဘီလူးရုပ်တွေပါ။ လက်ရာသိပ်ကောင်းပါတယ်။ ရုပ်လုံးကြွလွန်းပါတယ်။ ထားဝယ်ဒေသမှာ တွေ့ရှိရတဲ့ ရှေးဟောင်းတံကဲတွေရဲ့ပုံစံနဲ့ သိပ်မကွဲပြားကြပေမယ့် ဒီလိုဘီလူးရုပ်တွေ ခြံရံပြီးထည့်ထားတာမျိုး တခြားနေရာမှာ မတွေ့ဖူးပါဘူး။ ဒါပေမယ့်လည်း နောက်အသစ်ပြင်လိုက်တဲ့ ဘုရားပလ္လင်ကြောင့် သိပ်လှတဲ့ မူလလက်ရာ မှန်စီရွှေချဘီလူးနှစ်ကောင်ရဲ့ ပေါင်တစ်ဖက်စီ ပြုတ်သွားပါပြီ။











နောက်ထပ် ထူးခြားတာတစ်ခုက ဘုရားသိမ်နံရံမှာ ရေးဆွဲထားတဲ့ ဘုရားပုံတော်နဲ့ ရဟန္တာပုံ မူလရွှေဇဝါရေးရုပ်တွေပါ။ ဒီလိုရွှေဇဝါရေးပန်းချီကို ဒီဒေသအတွင်းက ဒီဘုရားသိမ်မှာပဲ တွေ့ရဖူးပါတယ်။ ပန်းချီထဲက ဆင်းတုတော်နဲ့ မူလလက်ရာ အနည်းအကျဉ်းကျန်နေသေးတဲ့ မတ်ရပ်ရုပ်ထုတော်နှစ်ဆူတို့ ဟန်ချင်းတူနေတာကို သတိထားမိတယ်။ တကယ်တော့ အဲဒီမူလရွှေဇဝါရေးရုပ်တွေကို ကံကောင်းလို့ တွေ့ခွင့်ရတာပါ။ ခေတ်အဆက်ဆက် သိမ်ပြင်သူတွေက ရွှေဇဝါရေး အရုပ်တွေရှိတဲ့နေရာတွေကို ကွက်ချန်ပြီး ထုံးဖွတ်ထားခဲ့လို့သာ အခုလိုတွေမြင်ခွင့်ရတာ ဖြစ်တယ်။

တကယ်လို့ နံရံတစ်ခုလုံးထုံးသုတ်လိုက်ရင် ဒါတွေကို မြင်ခွင့်ရတော့မှာ မဟုတ်ဘူး။ အမျှော်အမြင်ကြီးကြီးနဲ့ အခုလိုချန်လှပ်ထားခဲ့ပေးတာ သိပ်ကို ကျေးဇူးတင်ရပါတယ်။

သိမ်နဲ့အုတ်ကျောင်းတိုက်ကို ဆက်သွယ်ထားတဲ့စောင်းကတော့ ကိုလိုနီခေတ်လက်ရာပါ။ ထုတည်ကောင်းပြီး ခိုင်ခံ့ပါတယ်။ ဒီစောင်းတန်းကို နှစ်ထပ်အုတ်ကျောင်းတိုက်နဲ့ အတူတူ တည်ဆောက်ခဲ့ပုံရတယ်။ သက္ကရာဇ် ၁၂၉၇ ( အေဒီ 1935 ) ခုနှစ်မှာ တည်ဆောက်တယ်ဆိုပြီး ရေးထားတာ တွေ့ရတယ်။







ဒီနေရာမှာ စေတီတစ်ဆူနဲ့ စောစောက ဝင်လေ့လာခဲ့တဲ့ဘုရားသိမ်တို့က အရင်ရှိနေလိမ့်မယ်လို့ ထင်ပါတယ်။ ပြီးတော့မှ စောင်းတန်းနဲ့ အုတ်ကျောင်းတိုက်ကို တည်ဆောက်ခဲ့တာ ဖြစ်မှာပါ။ မူလဘုရားသိမ်နဲ့ အဓိကဆင်းတုတော်ကြီးကိုလည်း အဲဒီအချိန်ကတည်းကပဲ အသစ်ပြင် လိုက်ပုံရပါတယ်။ ရတနာပုံခေတ်ထက် ပိုရှေးကျနိုင်တဲ့ အဓိကဘုရားသိမ်ကလည်း ကိုလိုနီခေတ်ပုံစံ ဖြစ်နေပါပြီ။ အဓိက သိမ်ကို ယွန်းသုံးထပ်အမိုးတင်ထားပြီး နဘေးနားကသိမ်နဲ့ အုတ်လှေကားထိပ်ဆောင်တွေမှာတော့ ဘင်္ဂါလီပြသာဒ်အမိုး တင်ထားတာ တွေ့ရတယ်။ ဒီမှာတွေ့ရတဲ့ ဘင်္ဂါလီပြသာဒ်တွေ သိပ်လှတယ်။ ခိုင်ခိုင်ခံ့ခံ့လည်း ရှိပါသေးတယ်။







အခုတော့ အားလုံး ကိုလိုနီခေတ်လက်ရာတွေအဖြစ်နဲ့ တပြေးတည်း တွေ့နေရပါပြီ။ နှစ်ထပ်အုတ်တိုက်ကြီးက ပြူတင်းပေါက် ထိပ်ခုံးပန်းပြားတွေမှာ ကိုလိုနီခေတ်ကို ဖော်ညွှန်းအနုလက်ရာတွေ တွေ့ရပါတယ်။ အတွင်းပိုင်း အနေအထားတွေကို လေ့လာချင်သေးပေမယ့်လည်း အုတ်တိုက်ကြီးက တံခါး အလုံပိတ်ထားတာမို့ လက်လျှော့ပြီး ပြန်ခဲ့ရပါတယ်။

– ရနောင် (ဒွယ်)









